## 2 နိုင်ငံကိုပေးဆောင်ရသောအခွန်

နိုင်ငံကိုပေးဆောင်ရသောအခွန်ကို နိုင်ငံအခွန် ဟုခေါ်သည်။ ဝင်ငွေခွန်နှင့် ဈေးဝယ်ခွန်များပါဝင်သည်။

### 2-1 ဝင်ငွေခွန်

### (1) ဝင်ငွေခွန်ဆိုသည်မှာ

ဝင်ငွေခွန်သည် ယင်းနှစ်၏ ဇန်နဝါရီလ ၁ရက်နေ့မှ ဒီဇင်ဘာလ ၃၁ရက်နေ့အထိ သင်ရရှိခဲ့သော ဝင်ငွေစုစုပေါင်းပေါ်တွင် ထမ်းဆောင်ရသော အခွန်ဖြစ်ပြီး လာမည့်နှစ်၏ ဖေဖော်ဝါရီလ ၁၆ရက်နေ့မှ မတ်လ ၁၅ရက်အတွင်း နောက်ဆုံး ဝင်ငွေအကြောင်းကြားလွှာ ((၂) ဝင်ငွေအကြောင်းကြားလွှာ ရည်ညွှန်း) ကို မဖြစ်မနေ ပြုလုပ်ရမည်ဖြစ်သည်။ သို့သော် နိုင်ငံခြားသားများတွင် ပြည်တွင်း၌ နေထိုင်သူများနှင့် မနေထိုင်သူများ၏ အခွန်ကောက်ခံမှု ပမာဏနှင့် အခွန်နှုန်းထားများ ကွားခြားသည်။

**●နေထိုင်သူများနှင့် မနေထိုင်သူများ**

"နေထိုင်သူများ" ဆိုသည်မှာ ဂျပန်နိုင်ငံတွင် နေရပ်လိပ်စာရှိပြီး ယခုအချိန်အထိ ဆက်တိုက် ၁နှစ်အထက် နေထိုင်ခဲ့သူများဖြစ်ပြီး၊ အခြေခံသဘောတရားအရ ဝင်ငွေပေါ်မူတည်ပြီး သာမန်ဂျပန်လူမျိုးများနှင့် တူညီသော အခွန်နှုန်းထားများ ထမ်းဆောင်ရမည်။ "နေထိုင်သူများ" ဆိုသည်မှာ အခြေချနေထိုင်သူ မဟုတ်သောသူကို ဆိုလိုပြီး အခြေခံသဘောတရားအရ ဝင်ငွေ၏ ၂ဝ%ကို အခွန်အဖြစ် ထမ်းဆောင်ရမည်။

**●အခွန်ထမ်းဆောင်ပုံ နည်းလမ်းများ (ဝင်ငွေအကြောင်းကြားခြင်းနှင့် အခွန်ကိုယ်စားပေးဆောင်ခြင်း)**

အရောင်းအဝယ် စီးပွားရေးလုပ်နေသူများ စသည်တို့သည် မိမိ၏ ဝင်ငွေပမာဏ၊ လိုအပ်သော အသုံးစရိတ် အခွန်ပမာဏ စသည်တို့ကို တွက်ချက်ပြီး တိုက်ရိုက်၊ အခွန်ဌာနတွင် အကြောင်းကြားရသည်။ ဤသည်ကို ဝင်ငွေအကြောင်းကြားခြင်းဟု ခေါ်သည်။

ဤတွင် လခစားဝန်ထမ်းများကဲ့သို့ ကုမ္ပဏီမှ လစာနှင့် အပိုဆုကြေးစသည်တို့ကို ရရှိနေသူများ (လစာဝင်ငွေရရှိသူများ) အတွက် ဝင်ငွေအကြောင်းကြားရန်မလိုပါ။ ကုမ္ပဏီမှ လစဉ် အလိုအလျောက် လစာမှ ဝင်ငွေခွန်ကို နှုတ်ပြီးဖြစ်၍ မိမိမှ အခွန်ထမ်းဆောင်ရန် မလိုတော့ပေ။ ဤသည်ကို အခွန်ကိုယ်စားပေးဆောင်ခြင်းဟု ခေါ်သည်။